## သေခြင်းအကြောင်းလေးပါး

ထွန်းညှိထားသော ဆီမီးသည်

(၁) မီးစာကုန်ခြင်းကြောင့်လည်း ငြိမ်း၏။

(၂) ဆီကုန်ခြင်းကြောင့်လည်း ငြိမ်း၏။

(၃) မီးစာနှင့် ဆီ နှစ်မျိုးလုံး ကုန်ခြင်းကြောင့်လည်း ငြိမ်း၏။

(၄) မီးစာနှင့်ဆီ နှစ်မျိုးလုံး မကုန်သေးဘဲလျက် ရုတ်တရက်

လေပြင်းတိုက်ခတ်သောကြောင့် သို့မဟုတ် တမင်ငြိမ်း

သတ်သောကြောင့် ငြိမ်း၏။

ထို့အတူ

(၁) အာယုက္ခယမရဏ= သက်တမ်းကုန်၍ သေခြင်း၊

(၂) ကမ္မက္ခယမရဏ = ကံကုန်၍ သေခြင်း၊

၃) ဥဘယက္ခယမရဏ= သက်တမ်းနှင့် ကံ နှစ်ပါးစုံ ကုန်၍သေခြင်း၊

(၄) ဥပစ္ဆေဒကမရဏ = သက်တမ်းနှင့် ကံ နှစ်ပါးစုံ မကုန်းသေးဘဲလျက် ဥပ

ဃာတကကံ ဝင်ဖြတ်၍ လတ်တလောသေခြင်းဟူ၍ သေခြင်း ၄-မျိုးရှိ၏။